# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## နဝမနေ့ အစည်းအဝေး အကျဉ်းချုပ်

## ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

## (၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်)

## [ ဗုဒ္ဓဟူးနေ့ ]

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်–

(က) ဦးထိန်ဝင်း၊ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ရော၀တီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ငါးဖားကျေးရွာအုပ်စု၊ အင်းမကျေးရွာအနီး ပဆင – တလုတ္တော် – ထိန်ကုန်းကျော် – ငါးဖား – ကျီးတောကွက် လမ်းပေါ်ရှိ အင်းမ တံတားအား သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည် တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် ရော၀တီတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် ခွဲဝေရရှိပြီးဖြစ်၍ သံကူကွန်ကရစ်တံတားအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ခ) ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကရင်ဝင်းစိန်– ဝဲကူး– တော်ပွန် လမ်းပိုင်းအား ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြေသားချဲ့ခြင်းနှင့် ကွန်ကရစ်လမ်းခင်းပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က လမ်းအဆင့်သတ်မှတ်ချက်အရ Class (B) ဦးစားပေးအဆင့်(၁)တွင်ပါဝင်သဖြင့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာငွေတွင်ထည့်သွင်းလျာထားပြီး ကွန်ကရစ်လမ်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဂ) ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အထက်ကျွဲချိုမော်အုပ်စု၊ ကျွဲရိုင်းခတ်အုပ်စု၊ ဒုပြင်ရှည်အုပ်စု၊ ငလှမ်းပြင်အုပ်စု၊ ပအိုးသည်မအုပ်စု၊ ဒုအိုးသည်မအုပ်စု၊ ပေါက်တောကျေးရွာအုပ်စုများရှိ ကျေးရွာများအတွက် လမ်းဦးစားပေးအဆင့် သတ်မှတ်ကာ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က ဆက်သွယ်သွားလာမှု လွယ်ကူနိုင်ရေးအတွက် ကျန်ရှိသော ကျေးရွာချင်းဆက်လမ်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ဆက်လက်ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပြီး ခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ နှာဟရိန်မြို့မှ ခွါဟရန်-လေပီး-ခွာသွားနှင့် ရေဇွာမြို့-ဂန့်ဂေါ လမ်းဆုံနေရာအထိ (၂၃)မိုင်အား ပြည်ထောင်စုလမ်းမကြီး သို့မဟုတ် ပြည်နယ်လမ်းမကြီးအဖြစ် သတ်မှတ်ပေးရန်နှင့် ပေ(၃၀)အကျယ် လမ်းတာချဲ့ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က ပြည်ထောင်စုလမ်းမကြီး သို့မဟုတ် ပြည်နယ်လမ်းမကြီးအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် မရှိသေးကြောင်း၊ ချင်းပြည်နယ်အတွင်းရှိ ကျေးလက်လမ်းများအား (၂၄)ပေအကျယ် လမ်းတာချဲ့ခြင်းလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

(င) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ချင်းပြည်နယ်၊ ကလေး-ဖလမ်းလမ်းပေါ်ရှိ ထင်ရှူးစခန်းမှ ဘွာလ်ခွါး-ဘဲလွေ-ဆွောင်းဒို-ငါမွာလ်-မွှန်ပီး-ဇောလ်နိုး-ဇောင်ကောင်းလမ်းအား လမ်းတာချဲ့ခြင်းနှင့် လိုအပ်သောနေရာ များတွင် တံတားနှင့်ရေပြွန်များ ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က Class (A) ဦးစားပေးအဆင့်(၂)တွင် ပါဝင်သဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နောက်ပိုင်းကာလများတွင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(စ) ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဆိတ်ထွီန်း- ကမ်းဖြူ -**

**ငါ့သရောက်မြို့ ကျောက်ချောလမ်းကို ကတ္တရာလမ်းအဆင့်သို့ ဘဏ္ဍာရေးနှစ်အလိုက်ပိုင်း၍ ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က လမ်းအဆင့် သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၁)တွင် ပါဝင်သဖြင့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကတ္တရာလမ်း (၂)မိုင်(၃)ဖာလုံကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဆက်လက်၍ ဘဏ္ဍာရေးနှစ်အလိုက် အပိုင်းလိုက် ကတ္တရာလမ်းအဖြစ် ဆက်လက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဆ) ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ရေပေးဝေရေးအတွက် JICA (ODA Loan) နှင့် ADB ချေးငွေတို့ဖြင့် ဆောင်ရွက်နေသည့် ရွှေနတ်တောင် ရေလှောင်တမံစီမံကိန်းမှ မြို့တွင်းရေပေးဝေရေး လုပ်ငန်းမှာ မည်သည့်အဆင့်ရောက်ရှိနေပြီး၊ မည်သည့်အချိန်တွင် ပြည်သူများ အတွက် သန့်ရှင်းရေရရှိရေး မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က ရေသန့်စင်မှုစနစ်ပါဝင်သော တိုးချဲ့ရေပေးရေးကို ဆောင်ရွက်ရန် ၂၀၁၈––၂၀၁၉ ဘဏ္ဍာရေးနှစ် (ဖြည့်စွက်)ရန်ပုံငွေ၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်ရန် စီမံထားကြောင်း၊ စီမံကိန်းပြီးစီးပါက မော်လမြိုင်မြို့ပေါ်ရှိ (၂၉)ရပ်ကွက်အနက် (၁၇)ရပ်ကွက်တွင် အတ္တရံမြစ်ရေဖြင့် သန့်ရှင်းသော ရေပေးဝေနိုင်မည်ဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

(ဇ) ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)၏ **မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပိုးချည်စီမံကိန်း ခြံ၏ မြေဧရိယာ(၁၁၂)ဧကကို ပုဂ္ဂလိက လုပ်ငန်းရှင်တို့အား ငှားရမ်းခဲ့ပြီး ငှားရမ်းခြင်း စာချုပ်ပျက်ပြယ်စေသည့် ချိုးဖောက်ချက်များအရ ဝန်ကြီးဌာနမှ ပြန်လည်သိမ်းယူ၍ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ပိုးချည်လုပ်ငန်းအား ပြန်လည်ဖော်ထုတ် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ထပ်ဆင့်ငှားရမ်းထားခြင်းမရှိဘဲ စာချုပ်ပါ စည်းကမ်း အတိုင်း လိုက်နာဆောင်ရွက်နိုင်ရေး ကြီးကြပ်လျက်ရှိပြီး စာချုပ်နှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ရေး ကြပ်မတ်စစ်ဆေးလျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

(ဈ) ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်တွင် စိုက်ပျိုးသီးနှံ ထွက်ကုန်များအား ဓာတ်ခွဲစမ်းသပ်ရန် ဓာတ်ခွဲခန်းတစ်ခု ခွင့်ပြုချထားပေးရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က တောင်ကြီးမြို့ရှိ ဓာတ်ခွဲခန်းသို့ လာရောက် ဓာတ်ခွဲစမ်းသပ်နိုင်မည်ဖြစ်ပြီး စိုက်ပျိုးထွက်ကုန်သီးနှံများ စစ်ဆေးနိုင်သော ဓာတ်ခွဲခန်း(၁)ခု တည်ဆောက်ဖွင့်လှစ်နိုင်ရန်အတွက် မြေနေရာ၊ အဆောက်အဦ၊ ဓာတ်ခွဲသုံးပစ္စည်းကိရိယာများ၊ ဓာတုပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်မှု၊ ကျွမ်းကျင်ပညာရှင်များစသည်ဖြင့် များစွာလိုအပ်သဖြင့် လတ်တလောတွင် ဓာတ်ခွဲခန်းအသစ် ဖွင့်လှစ်သွားမည့် အစီအစဉ်မရှိသေးကြောင်း ရှင်းလင်းဖြေကြားသည်။

(ည) ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **သမဝါယမပိုင်လုပ်ငန်း (၆)ခုမှ ယခင်ကနိုင်ငံတော်သို့ State Income ပေးသွင်းနေသော်လည်း ယခုအခါတွင် အသင်းဌာနများ အကျိုးရှိစေရန် အကြောင်းပြပြီး ပေးသွင်းခြင်းမပြုတော့သည့် ယင်းလုပ်ငန်း (၆)ခုအား စနစ်တကျ ထိန်းသိမ်းထားမှု ရှိ/မရှိ နှင့် နှစ်စဉ် အကျိုးမည်မျှရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က နိုင်ငံပိုင်ဘတ်ဂျက်ဖြင့် လုပ်ကိုင်နေသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းမဟုတ်ခြင်း၊ နိုင်ငံတကာချေးငွေ၊ ထောက်ပံ့ငွေ ပြေကြေကျော်လွန်သည့်အထိ (State Income) ပေးသွင်းပြီးဖြစ်ခြင်း၊ နိုင်ငံတော်ဝင်ငွေ (State Income)သို့ ပေးသွင်းခြင်းမပြုသော်လည်း ကုန်သွယ်ခွန်၊ လုပ်ငန်းခွန်များကို နိုင်ငံတော်က သတ်မှတ်ထားသည့်နှုန်းအတိုင်း နှစ်စဉ် အခွန်ထမ်းဆောင်လျက်ရှိခြင်းနှင့် တင်ပြပါလုပ်ငန်းများကို သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

**အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်းနှင့် အတည်ပြုခြင်း**

၃။ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာမျိုးအောင် (ဥပဒေကြမ်းကော်မတီဝင်) က ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းပြီး တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော် က အတည်ပြုသည်။

၄။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က ယင်းဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံပြီး ဥက္ကဋ္ဌ က လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော် က အတည်ပြုသည်။

၅။ အစည်းအဝေးကို ၁၂:၂၁ နာရီ အချိန်တွင် ရပ်နားပြီး ဒသမနေ့ အစည်းအဝေးကို ၂၄ -၅-၂၀၁၉ ရက်နေ့ (သောကြာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**